
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
မြေအသုံးချရေးဌာနခွဲ

# မြေသြဇာဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ


ဒေါ်အေးသန္တာ
(ဦးစီးအရာရှိ)


# မြေသြဇာဥပဒေ

- ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ၊ (၁) ရက်နေ့
- အခန်း - ၁၂ ခန်း
- ပုဒ်မ - ၄၈ ခု





# မြေသြဇာဥပဒေကို ပြင်ဆင်သည့် ဥပဒေ

- ၂၀၁၅ ခုနှစ်၊ မတ်လ၊ (၂၃) ရက်နေ့
- အခန်း - ၁၂ ခန်း
- ပုဒ်မ - ၄၈ ခု




# မြေဩဇာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ




- ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ၊ (၁) ရက်နေ့
- အခန်း – ၁၀ ခန်း
- အပိုဒ် – ၅၈ ခု
- ပုံစံ – ၂၇ မျိုး

# မြေဩဇာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းများ

- ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ၊ (၂၅) ရက်နေ့
- အခန်း – ၁၀ ခန်း
- အပိုဒ် – ၅၈ ခု
- ပုံစံ – ၂၇ မျိုး



# မြေသြဇာဥပဒေ၏ရည်ရွယ်ချက်

- နိုင်ငံတော်၏ အခြေခံစီးပွားရေးဖြစ်သော လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်၊
- မြေသြဇာလုပ်ငန်းများကို စနစ်တကျ ကွပ်ကဲထိန်းသိမ်းနိုင်ရန်၊
- အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်းပြည့်မီသော မြေသြဇာကို စိုက်ပျိုးသူများ သုံးစွဲနိုင်ရန်၊

# မြေသြဇာဆိုတာ ဘာလဲ

မြေသြဇာဆိုသည်မှာ သစ်သီးဝလံ၊ ပန်းမန်၊ သီးနှံနှင့် အပင်များရှင်သန်ကြီးထွားရေးအတွက် မြေဆီလွှာတွင် ဓာတုဆိုင်ရာ ပြောင်းလဲမှု ဖြစ်စေရန် (သို့မဟုတ်) အခြားနည်းလမ်း တစ်ခုခုဖြင့် အာဟာရဓာတ် ရရှိစေရန် ထောက်ပံ့ပေးနိုင်သော ပစ္စည်းပါဝင်သည့် ဓာတ်မြေသြဇာ၊ ဇီဝမြေသြဇာနှင့် သဘာဝမြေသြဇာတို့ကို ဆိုလိုသည်။ ယင်းစကားရပ်တွင် မိမိ၏ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းတွင် သုံးစွဲရန် ပြုလုပ်သည့် သဘာဝမြေသြဇာ မပါဝင်ပါ။

# မြေသြဇာနည်းပညာကော်မတီအစည်းအဝေးကျင်းပခြင်း









# စစ်ဆေးရေးမှူးများသင်တန်းပို့ချခြင်း
















# မြေဩဇာစစ်ဆေးခြင်း


စစ်ကိုင်းတိုင်းဒေသကြီး


မန္တလေးတိုင်းဒေသကြီး



ပဲခူးတိုင်းဒေသကြီး


စစ်ကိုင်းတိုင်းဒေသကြီး


စစ်ကိုင်းတိုင်းဒေသကြီး


ပဲခူးတိုင်းဒေသကြီး

# စည်းမျဉ်းစည်းကမ်း ထိန်းသိမ်းရေး အစီအစဉ်အတွက် အဓိကစံချိန်စံညွှန်းအချက်အလက်များ




ဥပဒေလိုက်နာရန် လိုသည့် ပုဂ္ဂိုလ်တို့ အသိအမြင် ကြွယ်ဝစေရန် လုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာ များ (လက်ခံထားသည့် စံနှုန်းထား များနှင့် လိုက်နာ ရမည့် အခြား ညွှန်ကြားချက်များ)

ကဏ္ဍပေါင်းစုံမှ ပါဝင်ပတ်သက်သူ များသည် ပြောင်း လဲလိုက်သော စည်းမျဉ်းစည်းကမ်း ၊ တရားဥပဒေ အရ ဖြစ်နိုင်သောအ ကျိုးသက်ရောက် မှုများနှင့် အခြား အခြေအနေသစ် များကို ရင်ဘောင် တန်းလိုက်နိုင်ရမည်

လက်ခံထားသော စံနှုန်းထားများနှင့် ကိုက်ညီမှုအတွက် အပြုအမူများကို ပုံမှန်စောင့်ကြည့် စစ်ဆေးခြင်း၊ အကဲဖြတ်ခြင်း၊ ဒဏ်ငွေသတ်မှတ် ခြင်း၊ ထူးချွန်မှုကို အသိအမှတ် ပြု ခြင်း၊

စံမှ သွေဖည်သော သူများအား ပြစ်ဒဏ်စည်းကြပ် ခြင်းနှင့် အယူခံပိုင် ခွင့်

IFDC Report

# ပြဌာန်းထားသော မြေသြဇာ စည်းမျဉ်းစည်းကမ်း၊ စနစ်၏ အဓိကရည်ရွယ်ချက်များ

- မြေသြဇာကိုသုံးစွဲသူ တောင်သူများအား အကာအကွယ်ပေးသည့် စနစ်တစ်ခု ထောက်ပံ့ပေးရန်။

  - အာဟာရမပြည့်ဝမှုများ၊ အတုပြုလုပ်မှုများ၊ မသမာသော ရည်ရွယ်ချက်ဖြင့် ရောနှောမှုနှင့် အလေးချိန်ပြည့်အောင် မထည့်မှုများ

IFDC Report

# စနစ်မှ ထောက်ပံ့နိုင်သော အခြားအကျိုးအမြတ်များ

- ရိုးသားသည့် လုပ်ငန်းရှင်များကို အကာအကွယ်ပေးခြင်း၊
- စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကို အဆင့်မြှင့်တင်ပေးခြင်း၊
- မြေဩဇာအရည်အသွေး ဆက်လက်တိုးတက်ကောင်းမွန် လာခြင်း၊
- အသုံးဝင်သော Data အချက်အလက်များကို အသုံးပြုနိုင် ခြင်း၊
- အစိုးရအား ငွေကြေးဆိုင်ရာ အကာအကွယ်ပေးခြင်း၊

IFDC Report

# စနစ်မှ တောင်သူများအား အကာအကွယ်ပေးသင့်သည့် အချက်များ

| အကာ အကွယ်ပေး သင့်သည် | အကာ အကွယ်ပေး သင့်သည် | အကာ အကွယ်ပေး သင့်သည် | မပေးသင့်ပါ |
|---|---|---|---|
| အာဟာရ ပါဝင်မှု | ညစ်ညမ်းမှု | အသားတင် အလေးချိန် | ရုပ်ပိုင်းဆိုင်ရာ လက္ခဏာ များ |
| မမြင်နိုင် | မမြင်နိုင် | မမြင်နိုင် | မြင်နိုင် |

# ထိန်းချုပ်ခာတုပစ္စည်းစာရင်းတွင် ပါဝင်သော မြေသြဇာများ

- **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ** ၂၆.၅.၂၀၂၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၁၃/၂၀၂၁ ဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ထုတ်လုပ်ရာ၌ အသုံးပြုသည့် ထိန်းချုပ်ခာတုပစ္စည်း ၃၉ မျိုးတွင် စိုက်ပျိုးရေးတွင် အသုံးပြုသည့် **Ammonium Chloride** နှင့် **Ammonium Nitrate** ခာတ်မြေသြဇာများ ပါဝင်ပါသည်။
- **Ammonium Nitrate – မြေသြဇာကော်မတီမှ** ၂၉.၄.၂၀၂၀ ရက်စွဲဖြင့် ထုတ်ပြန်သောအမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၀)ဖြင့် မြေသြဇာအဖြစ်တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းကို တားမြစ်ပိတ်ပင်ထားပါသည်။
- **Ammonium Chloride –** ပြည်ပမှတင်သွင်းခြင်း၊တင်ပို့ခြင်း၊ဖြန့်ဖြူးရောင်းချခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းအတွက် **ပြည်ထဲရေးဝန်ကြီးဌာန၊ ထိန်းချုပ်ခာတုပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့**၏ ထောက်ခံချက်ရယူရမည်။

# ( ပုဒ်မ – ၄ ) မြေသြဇာကော်မတီ

| | | |
|---|---|---|
| ၁။ | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ၂။ | အမြဲတမ်းအတွင်းဝန်(လယ်ယာကဏ္ဍ)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၃။ | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| ၄။ | ညွှန်ကြားရေးမှူးချုပ်<br>သမဝါယမဦးစီးဌာန | အဖွဲ့ဝင် |
| ၅။ | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းဦးစီးဌာန | အဖွဲ့ဝင် |
| ၆။ | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၇။ | ညွှန်ကြားရေးမှူးချုပ်<br>ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၈။ | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |

## ( ပုဒ်မ - ၄ )

# မြေသြဇာကော်မတီ

| | | |
|---|---|---|
| ၉။ | ညွှန်ကြားရေးမှူးချုပ်<br>စားသုံးသူရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| ၁၀။ | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန | အဖွဲ့ဝင် |
| ၁၁။ | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များ<br>အသင်းချုပ် | အဖွဲ့ဝင် |
| ၁၂။ | ဒုတိယညွှန်ကြားရေးမှူးချုပ်(နည်းပညာ)<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၃။ | ညွှန်ကြားရေးမှူး(မြေအသုံးချရေးဌာနခွဲ)<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၄။ | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန | အတွင်းရေးမှူး |

(ပုဒ်မ – ၆)  **မြေသြဇာဆိုင်ရာနည်းပညာအဖွဲ့**

| | | |
|---|---|---|
| ၁။ | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂။ | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန | ဒု – ဥက္ကဋ္ဌ |
| ၃။ | ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ)<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၄။ | ဒုတိယညွှန်ကြားရေးမှူးချုပ် (စိုက်ပျိုးပညာပေးရေး၊ တိုင်းဒေသကြီး/ပြည်နယ်)<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၅။ | ညွှန်ကြားရေးမှူး (စိုက်ပျိုးပညာပေးရေးဌာနခွဲ)<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၆။ | ညွှန်ကြားရေးမှူး(မြေဆီလွှာ၊ ရေအသုံးချရေးနှင့်စိုက်ပျိုးရေးအင်ဂျင်နီယာဌာနခွဲ)<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| ၇။ | ပါမောက္ခ ( ဓါတုဗေဒဌာန )<br>ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် | အဖွဲ့ဝင် |
| ၈။ | ညွှန်ကြားရေးမှူး (မျိုးစေ့ဌာနခွဲ)<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၉။ | ညွှန်ကြားရေးမှူး (သီးနှံကာကွယ်ရေးဌာနခွဲ)<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၀။ | ညွှန်ကြားရေးမှူး(မြေအသုံးချရေးဌာနခွဲ)<br>စိုက်ပျိုးရေးဦးစီးဌာန | အတွင်းရေးမှူး |

# မြေသြဇာမှတ်ပုံတင်လက်မှတ်

**ပုဒ်မ - ၇** မြေသြဇာကို စီးပွားဖြစ် ထုတ်လုပ်၊ တင်သွင်း၊ တင်ပို့လိုသူသည် မှတ်ပုံတင်လက်မှတ်ရရှိရန် မြေသြဇာကော်မတီသို့ လျှောက်ထားရမည်။

**ပုဒ်မ-၈(က)** လျှောက်ထားမှုသည် သတ်မှတ်ချက်များနှင့်ညီ၊ မညီကို မြေသြဇာဆိုင်ရာနည်းပညာအဖွဲ့က စစ်ဆေးရမည်။

**ပုဒ်မ-၈(ခ)** မြေသြဇာဆိုင်ရာနည်းပညာအဖွဲ့ကထောက်ခံတင်ပြလာသော လျှောက်လွှာများကို မြေသြဇာကော်မတီက ထပ်မံစစ်ဆေး၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း (သို့မဟုတ်) ငြင်းပယ်ခြင်း ပြုနိုင်သည်။

# မြေသြဇာမှတ်ပုံတင် နှင့် လိုင်စင် လျှောက်ထားရမည့်အဖွဲ့အစည်း

မြေသြဇာမှတ်ပုံတင်လက်မှတ်
(တင်သွင်း၊ထုတ်လုပ်၊ တင်ပို့)

→ မြေသြဇာကော်မတီ

လိုင်စင်

→ သိုလှောင်
လိုင်စင်
(ပုဒ်မ ၁၃ )

→ ညွှန်ကြားရေးမှူးချုပ်
စိုက်ပျိုးရေးဦးစီးဌာန

→ ဖြန့်ဖြူးရောင်းချခွင့်
လိုင်စင်
(ပုဒ်မ ၁၄ )

→ တိုင်းဒေသကြီး/
ပြည်နယ် ဦးစီးမှူး

# ပုဒ်မ - ၁၃ လိုင်စင်

- မြေသြဇာဥပဒေအရ မြေသြဇာကို သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုသည့် ခွင့်ပြုချက်။
- အဆောက်အဦတစ်ခုလျှင် သိုလှောင်လိုင်စင်တစ်ခု ပြုလုပ်ရပါမည်။

# လိုင်စင်ပြုလုပ်ခြင်း

- မြေသြဇာ သိုလှောင်ခြင်း လုပ်ငန်းအတွက် လိုင်စင်ကို စိုက်ပျိုးရေးဦးစီးဌာနသို့ လျှောက်ထားရမည်။
- မြေသြဇာကို တစ်နှစ်အတွင်း ၅ တန်အထက်၊ ရွက်ဖျန်းမြေသြဇာ (Liquid) ဖြစ်ပါက ၂၀၀ လီတာနှင့်အထက်၊ (Powder) ဖြစ်ပါက ၄၀၀ ကီလိုဂရမ်နှင့်အထက် ဖြန့်ဖြူး ရောင်းချပါက ဖြန့်ဖြူးရောင်းချခွင့် လိုင်စင်ရရှိရန် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးမှူး စိုက်ပျိုးရေးဦးစီးဌာနထံ လျှောက်ထားရမည်။

# မှတ်ပုံတင်လက်မှတ်နှင့် လိုင်စင်ရရှိသူများ လိုက်နာဆောင်ရွက်ရန်

## ပုဒ်မ - ၉/၁၅

- မြေသြဇာဥပဒေနှင့်မြေသြဇာကော်မတီက ထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို လိုက်နာ ရမည်။
- အရည်အသွေးအာမခံချက်၊ အမှတ်တံဆိပ်နှင့် စံချိန်စံညွှန်းတို့ကို သတ်မှတ်ချက်များနှင့် အညီဆောင်ရွက်ရမည်။
- စစ်ဆေးရေးအဖွဲ့များ လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်။

# (ပုဒ်မ - ၂၂) မြေသြဇာလုပ်ငန်းစစ်ဆေးရေးအဖွဲ့များ

(က) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် စစ်ဆေးရေးအဖွဲ့ကို အောက်ပါ အတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မြေအသုံးချရေးတာဝန်ခံ — အဖွဲ့ခေါင်းဆောင်

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးမှူးက တာဝန်ပေးအပ်သောဝန်ထမ်းနှစ်ဦး — အဖွဲ့ဝင်များ

(ခ) ခရိုင်အဆင့် စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်း တာဝန်ပေးအပ်နိုင်သည် -

(၁) ခရိုင်မြေအသုံးချရေးတာဝန်ခံ — အဖွဲ့ခေါင်းဆောင်

(၂) ခရိုင်ဦးစီးမှူးက တာဝန်ပေးအပ်သော ဝန်ထမ်းနှစ်ဦး — အဖွဲ့ဝင်များ

(ဂ) မြို့နယ်အဆင့် စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန် ပေးအပ်နိုင်သည်-

(၁) မြို့နယ်ဦးစီးမှူး — အဖွဲ့ခေါင်းဆောင်

(၂) မြို့နယ်ဦးစီးမှူးကတာဝန်ပေးအပ်သော ဝန်ထမ်းနှစ်ဦး — အဖွဲ့ဝင်များ

ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန၏(၈.၅.၂၀၁၆)ရက်စွဲပါစာအမှတ်၊ မြေအသုံးချ/မြေသြဇာ/၂၀၁၅-၂၀၁၆(၂၇၉)

# မြေပြဿနာလုပ်ငန်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းထားရှိခြင်း

မြေပြဿနာဥပဒေပုဒ်မ ၂၂ အရ

| | | |
|---|---|---|
| ➢ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် | - | ၁၇ ဖွဲ့ |
| ➢ ခရိုင်အဆင့် | - | ၆၇ ဖွဲ့ |
| ➢ မြို့နယ်အဆင့် | - | ၂၉၁ ဖွဲ့ |
| စုစုပေါင်း | - | ၃၇၅ ဖွဲ့ |

# မျိုးစေ့၊ မြေဩဇာနှင့် ပိုးသတ်ဆေးဆိုင်ရာ စစ်ဆေးရေးအဖွဲ့များ

- ကြီးကြပ်စစ်ဆေးရေးအဖွဲ့
  - ဒု-တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး — အဖွဲ့ခေါင်းဆောင်
  - တိုင်းဒေသကြီး/ပြည်နယ် မြေအသုံးချရေးတာဝန်ခံ — အဖွဲ့ဝင်
  - တိုင်းဒေသကြီး/ပြည်နယ် မျိုးစေ့တာဝန်ခံ — အဖွဲ့ဝင်
  - တိုင်းဒေသကြီး/ပြည်နယ် သီးနှံကာကွယ်ရေးတာဝန်ခံ — အဖွဲ့ဝင်
  - တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးမှ တာဝန်ပေးအပ်သည့် အရာထမ်း(၁)ဦး — အတွင်းရေးမှူး
- မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့
  - ခရိုင်ဦးစီးမှူး — အဖွဲ့ခေါင်းဆောင်
  - ခရိုင်မြေအသုံးချရေးတာဝန်ခံ — အဖွဲ့ဝင်
  - ခရိုင် မျိုးစေ့တာဝန်ခံ — အဖွဲ့ဝင်
  - ခရိုင် သီးနှံကာကွယ်ရေးတာဝန်ခံ — အဖွဲ့ဝင်
  - ခရိုင်ဦးစီးမှူးမှ တာဝန်ပေးအပ်သည့်အမှုထမ်း(၁)ဦး — အတွင်းရေးမှူး

# မြေဩဇာအတုအပများ ပပျောက်ရေးအတွက် မြေဩဇာလုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ တာဝန်များ

၁. မိမိအားတာဝန်ပေးအပ်သည့် နယ်မြေအတွင်း၌ မြေဩဇာလုပ်ငန်းကို စစ်ဆေးခြင်း။

၂. မြေဩဇာကို စံချိန်စံညွှန်းနှင့်ညီ၊ မညီ စစ်ဆေးရန် မြေဩဇာနမူနာကို ရယူခြင်း။ ဓာတ်ခွဲ စမ်းသပ်စစ်ဆေးခြင်းနှင့် စစ်ဆေးတွေ့ရှိချက်ကို စိုက်ပျိုးရေးဦးစီးဌာနသို့ တင်ပြခြင်း။

၃. မြေဩဇာကို စိုက်ပျိုးရေးလုပ်ငန်းတွင်သာ သုံးစွဲခြင်းပြု၊ မပြု စစ်ဆေးခြင်း။

၄. မြေဩဇာဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိပါက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စိုက်ပျိုးရေးဦးစီး ဌာနသို့ တင်ပြခြင်း။

၅. စိုက်ပျိုးရေးဦးစီးဌာနက ပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

# (ပုဒ်မ - ၂၄) စီမံခန့်ခွဲရေးပြစ်ဒဏ်များ

(က) ခွင့်ပြုထားသော မြေသြဇာလုပ်ငန်းကို ယာယီရပ်ဆိုင်းခြင်း။

(ခ) ဒဏ်ကြေးငွေပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီး မြေသြဇာလုပ်ငန်းကို ဆက်လက် လုပ်ဆောင်ခွင့်ပြုခြင်း။

(ဂ) မှတ်ပုံတင်လက်မှတ်(သို့မဟုတ်)လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း။

(ဃ) မှတ်ပုံတင်လက်မှတ် (သို့မဟုတ်) လိုင်စင်ကို ပယ်ဖျက်ခြင်း။

- မှတ်ပုံတင်လက်မှတ်ရရှိသူ၏ပျက်ကွက်မှုကို မြေသြဇာကော်မတီက ပြစ်ဒဏ်ချမှတ်ရန်။
- လိုင်စင်ရရှိသူ၏ပျက်ကွက်မှုကို စိုက်ပျိုးရေးဦးစီးဌာန (သို့မဟုတ်) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးက ပြစ်ဒဏ်ချမှတ်ရန်။

# မြေသြဇာလုပ်ငန်းမှတ်ပုံတင်ခနှင့် သက်တမ်းတိုးမှတ်ပုံတင်ခနှုန်းထားများ

| စဉ် | အကြောင်းအရာ | မြေသြဇာ အရေအတွက် | မှတ်ပုံတင်ခ နှုန်းထား(ကျပ်) | မှတ်ပုံတင် ခွင့်ပြုမည့် (နှစ်) |
|---|---|---|---|---|
| ၁. | ပြည်တွင်းထုတ်လုပ်ခြင်း | ၁ မျိုး | ၆၀၀၀၀ | ၃ |
| ၂. | ပြည်ပသို့တင်ပို့ခြင်း | ၁ မျိုး | ၉၀၀၀၀ | ၃ |
| ၃. | ပြည်ပမှတင်သွင်းခြင်း | ၁ မျိုး | ၉၀၀၀၀ | ၃ |

# မြေသြဇာလုပ်ငန်း လိုင်စင်ခနှင့် သက်တမ်းတိုးလိုင်စင်ခနှုန်းထားများ

| စဉ် | အကြောင်းအရာ | အရေ အတွက် | လိုင်စင်ခ နှုန်းထား(ကျပ်) | လိုင်စင် ခွင့်ပြုမည့် (နှစ်) |
|---|---|---|---|---|
| ၁. | မြေသြဇာသိုလှောင်ခြင်း<br>-လုပ်ငန်းကြီး- ၁၆၀၀ စတုရန်းပေအထက်<br>-လုပ်ငန်းငယ် - ၁၆၀၀ စတုရန်းပေအောက် | သိုလှောင်ရုံ တစ်ခု | ၃၀၀,၀၀၀<br>၁၀၀,၀၀၀ | ၂<br>၂ |
| ၂. | မြေသြဇာဖြန့်ဖြူးရောင်းချခြင်း (မူလပြုလုပ်) | ၁ ဆိုင် | ၅၀၀၀၀ | ၂ |
| ၃. | မြေသြဇာဖြန့်ဖြူးရောင်းချခြင်း (သက်တမ်းမတိုး၍ အသစ်ထပ်မံပြုလုပ်) | ၁ ဆိုင် | ၈၀၀၀၀ | ၂ |

# ပုဒ်မ – ၄၄ စိုက်ပျိုးရေးဦးစီးဌာန၏ ထောက်ခံချက်ပေးခြင်း

- မြေသြဇာဥပဒေပုဒ်မ ၄၄ အရ မှတ်ပုံတင်လက်မှတ်ရရှိပြီး မြေသြဇာကို တင်သွင်း၊ တင်ပို့ရန် လိုင်စင်ထုတ်ပေးပိုင်ခွင့်ရှိသော အစိုးရဌာန အဖွဲ့အစည်းသည် စိုက်ပျိုးရေးဦးစီး ဌာန၏ ထောက်ခံချက် ပူးတွဲ တင်ပြနိုင်မှသာ လိုင်စင် ထုတ်ပေးနိုင်သည်။

# မြေဩဇာတင်သွင်းရန်မှတ်ပုံတင်လက်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
မြေဩဇာကော်မတီ
**ပြည်တွင်းသို့ မြေဩဇာတင်သွင်းရန် မှတ်ပုံတင်လက်မှတ်**



ကုမ္ပဏီပိုင်ရှင်

နေ့စွဲ၊ ၁၄.၁၁.၂၀၁၉

၁။ ၂၆.၈.၂၀၁၉ ရက်စွဲပါ လျှောက်လွှာအမှတ် ( ၁၁၈၇/ ၁၈-၁၉ (R)) ဖြင့် မြေဩဇာတင်သွင်းရန် မှတ်ပုံတင်လက်မှတ် လျှောက်ထားလာခြင်းအပေါ် မြေဩဇာဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ခ) အရ ပြည်တွင်းသို့တင်သွင်းရန် မှတ်ပုံတင်လက်မှတ် အမှတ်စဉ် တသ/(၅၄၇၆) ဖြင့် ထုတ်ပေးလိုက်သည်။

၂။ တာဝန်ခံလျှောက်ထားသူ၏

| | |
|---|---|
| (က) အမည် | ဦးစန်ဝင်း |
| (ခ) ကုမ္ပဏီအမည် | ရှုစန်စက်မှုလက်မှုထုတ်လုပ်ရေးကုမ္ပဏီလီမိတက် Shu San Industry Co., Ltd.. |
| ၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ၁၂/လမတ(နိုင်) ဝ၂၉၅၄၃ |
| ၄။ အမြဲတမ်းနေရပ်လိပ်စာ | အမှတ်(၉)၊ အောင်သိဒ္ဓိလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၅။ မှတ်ပုံတင်ထားသော မြေဩဇာ | |
| (က) အမည် | Muriate of Potash Fertilizer (MOP) (Su San/စုစံ) |
| (ခ) စံချိန်စံညွှန်း | $K_2O$ : 60% |
| (ဂ) ထုပ်ပိုးပစ္စည်း | |
| (၁) အမျိုးအစား | ပီနံအိတ် |
| (၂) အရွယ်အစား | ၃၄" x ၂၀.၅" |
| (၃) အသားတင်အလေးချိန် | ၅၀ ကီလိုဂရမ် |
| ၆။ ၃ နှစ်သက်တမ်းကုန်ဆုံးသည့်နေ့ | ၁၃.၁၁.၂၀၂၂ |

( ရုံးတံဆိပ် )

( ဒေါက်တာရဲတင့်ထွန်း )
အတွင်းရေးမှူး
မြေဩဇာကော်မတီ

**မြေဩဇာ တင်သွင်းခွင့် မှတ်ပုံတင်လက်မှတ် ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များ**

၁။ မြေဩဇာကော်မတီက စစ်ဆေးအသိအမှတ်ပြုထားသော စံချိန်စံညွှန်းနှင့်ကိုက်ညီသော မြေဩဇာကိုသာ တင်သွင်းရမည်။

၂။ သက်ဆိုင်ရာဦးစီးမှူးနှင့် စစ်ဆေးရေးအဖွဲ့များက လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်။

၃။ မြေဩဇာထုပ်ပိုး သို့မဟုတ် ထည့်သွင်းထားသည့် ပစ္စည်းပေါ်တွင်အောက်ပါအချက်များ ကိုဖော်ပြရမည် -

(၁) တင်သွင်း၊ ထုတ်လုပ်၊ တင်ပို့ မှတ်ပုံတင်လက်မှတ်အမှတ်

(၂) အမှတ်တံဆိပ်၊

(၃) မြေဩဇာ၏ အသားတင်အလေးချိန်၊

(၄) အရည်အသွေးအာမခံချက်၊

(၅) မြေဩဇာတွင် ပါဝင်သည့် အပင်အာဟာရဓာတ် ရာခိုင်နှုန်း၊

(၆) ထုတ်လုပ်သည့် ကုမ္ပဏီ၊ လုပ်ငန်း၊ အသင်းအဖွဲ့အမည်၊ ထုတ်လုပ်ရာဒေသ၊ ထုတ်လုပ်သည့် ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့် ရက်စွဲ၊ သိုလှောင်ထားရှိရမည့် နည်းစနစ်။

(၇) မြန်မာဘာသာဖြင့် ဖော်ပြထားသောသုံးစွဲရန် အညွှန်းစာနှင့်သတိပြုရန် အချက်များ။

(၈) လူနှင့်ပတ်ဝန်းကျင်တို့အား အန္တရာယ်ဖြစ်စေသော ပစ္စည်းများ ပါဝင်မှုမရှိခြင်း။

# မြေဩဇာတင်သွင်းခွင့်ထောက်ခံချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန

**ပြည်တွင်းသို့ မြေဩဇာတင်သွင်းရန် ထောက်ခံစာ (IM No. 1510 )** **RFIE-000162**

စာအမှတ်- မြေဩဇာ/တင်သွင်း-ထောက်ခံ/ ၂၀၂၂(၁၆၂)

ရက်စွဲ - **08 November 2022**

သို့

ညွှန်ကြားရေးမှူးချုပ်
ကုန်သွယ်ရေးဦးစီးဌာန

အကြောင်းအရာ။ ။ **ပြည်တွင်းသို့ မြေဩဇာတင်သွင်းရန် ထောက်ခံစာပေးပို့ခြင်း။**

၁။ မြေဩဇာဥပဒေပုဒ်မ(၄၄)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ ပြည်တွင်းသို့ မြေဩဇာတင်သွင်းရန်အတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီး ဖြစ်ပါ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန် ထောက်ခံပါသည်။

| | |
|---|---|
| ၂။ လျှောက်ထားသူ | |
| (က) အမည် | U Aung Win |
| (ခ) ကုမ္ပဏီအမည်/ကုမ္ပဏီမှတ်ပုံတင်အမှတ် | Seven Golden Lions Enterprise Ltd. / 114128198 |
| (ဂ) တင်သွင်းခွင့်မှတ်ပုံတင်လက်မှတ်အမှတ် | တသ / (၃၂၇၉ ) |
| ၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ နိုင်ငံခြားသားမှတ်ပုံတင်အမှတ် | 12/LTN(N)004422 |
| ၄။ ကုမ္ပဏီလိပ်စာ | No. 74, 14th Street, Lanmadaw Township , Yangon |
| ၅။ ပြည်တွင်းသို့တင်သွင်းလိုသည့်မြေဩဇာ | Organic Fertilizer |
| (က) အမည်/အမျိုးအစား | ORGANIC LIQUID FERTILIZER (VEDAGRO) |
| (ခ) စံချိန်စံညွှန်း | N: 4% Min, $P_2O_5$ : 0.1% Min, $K_2O$ : 1.5% Min , OM : 30% Min |
| (ဂ) ထုတ်လုပ်သည့်နိုင်ငံ | Vietnam |
| (ဃ) ထုပ်ပိုးပစ္စည်း | |
| (၁) အမျိုးအစား | Plastic Drum |
| (၂) အရွယ်အစား | 57 cm x 88.5 cm |
| (၃) အသားတင်အလေးချိန် | 250 KG |
| ၆။ တင်သွင်းလိုသည့် ပမာဏ | 40 MT |
| ၇။ ဝယ်ယူမည့်ဈေးနှုန်း | USD- 200/MT |
| ၈။ တင်သွင်းလိုသည့်ကာလ | (08 November 2022)- မှ (07 May 2023) ထိ |
| ၉။ တင်သွင်းမည့်တိုင်းပြည်/ ဒေသ(ဆိပ်ကမ်း) | VIETNAM (HOCHIMINH CITY PORT) , CHINESE TAIPEI (TAICHUNG) |

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
(ညွှန်ကြားရေးမှူး၊ မြေအသုံးချရေးဌာနခွဲ)
စိုက်ပျိုးရေးဦးစီးဌာန


**မိတ္တူကို**

- ညွှန်ကြားရေးမှူးချုပ်(ရုံးခန်း)၊ စိုက်ပျိုးရေးဦးစီးဌာန။
- **Seven Golden Lions Enterprise Ltd.**
- ရုံးလက်ခံ။

MAIRS
MYANMAR AGRICULTURAL INPUTS REGISTRATION SYSTEM

CamScanner

# မြေဩဇာထုတ်လုပ်ခွင့် မှတ်ပုံတင်လက်မှတ်



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
မြေဩဇာကော်မတီ
**မြေဩဇာ ထုတ်လုပ်ခွင့် မှတ်ပုံတင်လက်မှတ်**

၁။ 30 June 2022 ရက်စွဲပါ လျှောက်လွှာအမှတ်၊ (FFR-LP-000102)ဖြင့် မြေဩဇာ ထုတ်လုပ်ရန် မှတ်ပုံတင်လက်မှတ် လျှောက်ထားလာခြင်းအပေါ် မြေဩဇာဥပဒေပုဒ်မ၈ ပုဒ်မခွဲ(ခ)အရ မြန်မာနိုင်ငံအတွင်း ထုတ်လုပ်ခွင့်ပြုကြောင်း မှတ်ပုံတင်လက်မှတ် ထုတ်ပေးလိုက်သည်။

| | |
|---|---|
| ၂။ မှတ်ပုံတင်လက်မှတ် | ထလ-၁၉၆၃ |
| ၃။ တာဝန်ခံလျှောက်ထားသူ၏ | |
| (က) အမည် | U Tun Naing Oo |
| (ခ) ကုမ္ပဏီ အမည် | Agro King Group Co.,ltd |
| ၄။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ | 8/KHAMANA(N)005689 |
| ၅။ အမြဲတမ်းနေရပ်လိပ်စာ | No.110,Thamaing Station Road,(1) Quarter,Mayangone Township,Yangon,Myanmar |
| ၆။ လုပ်ငန်းလိပ်စာ | ဘုရားကုန်းကျေးရွာအုပ်စုရပ်ကွက်၊အောင်ဓမ္မရိပ်သာလမ်း၊အုပ်စုရပ်ကွက်၊သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၇။ မှတ်ပုံတင်ထားသော မြေဩဇာ | |
| (က) အမည် | ရွက်ဖျန်းမြေဩဇာ(Lucky Star) |
| (ခ) စံချိန်စံညွှန်း | MgO : 16%, S : 14% |
| (ဂ) ထုပ်ပိုးပစ္စည်း | |
| (၁) အမျိုးအစား | အလူမီနီယမ်အိတ် |
| (၂) အရွယ်အစား | (18 |
| (၃) အသားတင်အလေးချိန် | 5 Kg, 3 Kg, 1 Kg, 500 gm, 250gm |
| ၈။ စတင်ထုတ်ပေးသည့်ရက်စွဲ | ၂၈.၇.၂၀၂၂ |
| ၉။ သက်တမ်းကုန်ဆုံးသည့်နေ့ | ၂၇.၇.၂၀၂၅ |

"မှတ်ချက်" ဤ မှတ်ပုံတင်လက်မှတ်ရရှိသူသည် မြေဩဇာအား ထိရောက်စွာနှင့် အန္တရာယ်ကင်းစွာ အသုံးပြုနိုင်ရေးနှင့် ပတ်သက်၍ ထပ်မံသိရှိလာသော အချက်အလက်များအား တင်ပြရန် တာဝန်ရှိသည်။

(ရုံးတံဆိပ်)

(ဒေါက်တာရဲတင့်ထွန်း)
အတွင်းရေးမှူး
မြေဩဇာကော်မတီ

**မြေဩဇာ ထုတ်လုပ်ခွင့် မှတ်ပုံတင်လက်မှတ် ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များ**

၁။ မြေဩဇာကော်မတီက စစ်ဆေးအသိအမှတ်ပြုထားသော စံချိန်စံညွှန်းနှင့် ကိုက်ညီ၍ ကုမ္ပဏီ၏ ထုတ်လုပ်ခွင့်ရရှိသော မြေဩဇာကိုသာ ထုတ်လုပ်ရမည်ဖြစ်ပြီး ခွင့်ပြုထားသော တည်နေရာ/လိပ်စာတွင်သာ ထုတ်လုပ်ရမည်။

၂။ မြေဩဇာထုပ်ပိုးပစ္စည်းပေါ်တွင် အောက်ပါဖော်ပြရမည့် အချက်များကို ပြည့်စုံစွာ ဖော်ပြရမည် -

(၁) ထုတ်လုပ်မှတ်ပုံတင်လက်မှတ်အမှတ်(ထလ)

(၂) အမှတ်တံဆိပ်နှင့် မြေဩဇာအမျိုးအမည်

(၃) မြေဩဇာ၏ အသားတင်အလေးချိန်

(၄) အရည်အသွေးအာမခံချက်/မြေဩဇာတွင်ပါဝင်သည့် အပင်အာဟာရဓာတ်ရာခိုင်နှုန်း၊

(၅) ထုတ်လုပ်၊ ဖြန့်ဖြူးသည့် ကုမ္ပဏီ/လုပ်ငန်း/ အသင်းအဖွဲ့အမည် (Manufacturer/ Distributor Name)

(၆) ထားသိုသိမ်းဆည်းမှုအညွှန်း

(၇) မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြထားသော ထုပ်ပိုးပစ္စည်းပေါ်တွင် ပါဝင်ရမည့်အချက်များ၊ ရွက်ဖျန်းမြေဩဇာနှင့် ဇီဝမြေဩဇာ များတွင် သုံးစွဲရန်အညွှန်းနှင့် သတိပြုရန်အချက်များ၊ Compound Fertilizer များတွင် ထုပ်ပိုးပစ္စည်းအိတ်အတွင်း၌ သီးခြားထည့်သွင်းဖော်ပြထားသည့် သုံးစွဲရန် အညွှန်း

(၈) ဇီဝမြေဩဇာများတွင် ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့်ရက်စွဲ

၃။ မြေဩဇာ၏အမည်၊ အမှတ်တံဆိပ်၊ အာနိသင်၊ အရည်အသွေး၊ စံချိန်စံညွှန်းတို့နှင့် စပ်လျဉ်း၍ မမှန်မကန် ထုတ်လုပ်ခြင်း၊ ကြော်ငြာရောင်းချခြင်းမပြုရ။

၄။ လူနှင့်ပတ်ဝန်းကျင်တို့အား အန္တရာယ်ဖြစ်စေသော ပစ္စည်းများ ပါဝင်မှုမရှိစေရ။

၅။ သက်ဆိုင်ရာဦးစီးမှူးနှင့် စစ်ဆေးရေးအဖွဲ့များက လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်။

၆။ မြေဩဇာကော်မတီက အခါအားလျော်စွာ ထုတ်ပြန်သည့်အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

# တားမြစ်ချက်များ

ပုဒ်မ ၃၁။ ။ မည်သူမျှ မှတ်ပုံတင်လက်မှတ်မရှိဘဲ မြေဩဇာကို စီးပွားရေး အလို့ငှာ ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်း မပြုရ။

ပုဒ်မ ၃၂။ ။ မည်သူမျှ လိုင်စင်မရှိဘဲ မြေဩဇာကို စီးပွားရေးအလို့ငှာ သိုလှောင် ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

ပုဒ်မ ၃၃။ ။ မည်သူမျှ မြေဩဇာအတုကိုဖြစ်စေ၊ မူလစံချိန်စံညွှန်းနှင့် ကိုက်ညီခြင်း မရှိသော မြေဩဇာကိုဖြစ်စေ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူး ရောင်းချခြင်း မပြုရ။

ပုဒ်မ ၃၄။ ။ မည်သူမျှ အဆိပ်ရှိ ပစ္စည်းများ ရောနှောပါဝင်သော မြေဩဇာကို ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းမပြုရ။

ပုဒ်မ ၃၅။ ။ မည်သူမျှ မြေဩဇာကို စိုက်ပျိုးရေးလုပ်ငန်းမှအပ အခြားနည်း သုံးစွဲခြင်း မပြုရ။

# ပြင်ဆင်ပြီး ပြစ်မှုနှင့် ပြစ်ဒဏ်များ

ပုဒ်မ ၃၆။ ။ မည်သူမဆို ပုဒ်မ ၃၁၊ ၃၂၊ ၃၃ သို့မဟုတ် ၃၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀သိန်း အထိ ဖြစ်စေ၊ ဒဏ်နှစ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် သက်ဆိုင်သော သက်သေခံပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရ မည်။

ပုဒ်မ ၃၇။ ။ မည်သူမဆို ပုဒ်မ ၃၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် တစ်နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ကျပ် ငါးသိန်းအထိ ဖြစ်စေ၊ ဒဏ်နှစ်လုံး ဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

# မြေဩဇာ အရည်အသွေးစစ်ဆေးခြင်း

- မြေဩဇာမှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်း
  - နယ်စပ် အရည်အသွေးပြည့်မီမှုရှိ၊ မရှိ ခွဲခြားစစ်ဆေးခြင်း၊
  - ရေကြောင်း Straight Fertilizer များကို ခွဲခြားစစ်ဆေးခြင်းမှ ကင်းလွတ်ခွင့်ပြု Compound Fertilizer နှင့် အခြားမြေဩဇာများကို အရည်အသွေး ပြည့်မီမှုရှိ၊ မရှိ ခွဲခြားစစ်ဆေးခြင်း၊
- အကောက်ခွန်ဦးစီးဌာနမှ ပေးပို့လာသောမြေဩဇာများကို စစ်ဆေးခြင်း (ဆိပ်ကမ်းမှ ဝင်ရောက်လာသောမြေဩဇာများ)
- ထုတ်လုပ်စက်ရုံများကိုစစ်ဆေးခြင်း(သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်စစ်ဆေးရေး အဖွဲ့)
- ဈေးကွက်အတွင်းစစ်ဆေးခြင်း (မြေဩဇာစစ်ဆေးရေးအဖွဲ့)

# မြေသြဇာကော်မတီမှ ထုတ်ပြန်သော အမိန့်ကြော်ငြာချက်များ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
မြေသြဇာကော်မတီ

အမိန့်ကြော်ငြာစာအမှတ် ( ၁ /၂၀၂၀)
၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၉ ရက် )

**မြေသြဇာမှတ်ပုံတင် လျှောက်ထားခြင်းနှင့်ပတ်သက်၍ လိုက်နာရမည့်အချက်များ ထုတ်ပြန်ကြေညာခြင်း**

၁။ မြေသြဇာကော်မတီသည် အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီသော မြေသြဇာများအား စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ သုံးစွဲနိုင်ရေးနှင့် မြေသြဇာလုပ်ငန်းလုပ်ကိုင်သူ လုပ်ငန်းရှင်များ မြေသြဇာထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် မြေသြဇာဥပဒေ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်လျက်ရှိရာတွင် မြေသြဇာဥပဒေပုဒ်မ ၄၈(ခ) နှင့် မြေသြဇာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၅၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ မြေသြဇာလုပ်ငန်း လုပ်ကိုင်သူသည် မြေသြဇာမှတ်ပုံတင် လျှောက်ထားခြင်းနှင့် ပတ်သက်၍ အောက်ဖော်ပြပါ အချက်အလက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(က) မြေသြဇာ ဥပဒေပုဒ်မ ၇ အရ စီးပွားရေးအလို့ငှာ မြေသြဇာကို ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မှတ်ပုံတင် သီးခြားလျှောက်ထားရမည်။

(ခ) ပြည်တွင်းတွင် မြေသြဇာအမျိုးမျိုး ထုတ်လုပ်ခြင်း၊ မြေသြဇာများကို ပေါင်းစပ်ခြင်း၊ ရောနှောခြင်းနှင့် အလေးချိန်ခွဲ၍ ပြန်လည်ထုပ်ပိုးခြင်း၊ ပြည်ပမှ ကုန်ကြမ်းတင်သွင်းပြီး ပြည်တွင်းတွင် ပြန်လည်ထုပ်ပိုးခြင်း စသည့်လုပ်ငန်းများ လုပ်ဆောင်လိုပါက မြေသြဇာထုတ်လုပ်ခွင့် မှတ်ပုံတင်လျှောက်ထား ရမည်။

(ဂ) ကုန်ကြမ်းအဖြစ် တင်သွင်းသော မြေသြဇာများတွင် မြန်မာဘာသာ အညွှန်းစာသား ထည့်သွင်းရန်မလိုဘဲ သီးခြားမှတ်ပုံတင်အမှတ် (တသက) ကို အသုံးပြုရမည်။

(ဃ) မြေသြဇာ တစ်မျိုးတည်းကို ထုပ်ပိုးပစ္စည်းပုံစံ (Package Design) နှင့် အမှတ်တံဆိပ် (Brand Name/logo) ပြောင်းလဲခြင်းပြုလျှင် မှတ်ပုံတင်အသစ် လျှောက်ထားရမည်။

(င) ထုတ်လုပ်မှတ်ပုံတင် လျှောက်ထားရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ချက် (EIA) ထောက်ခံချက် ရယူတင်ပြရမည်။



၃။ မြေသြဇာကော်မတီသည် မြေသြဇာလုပ်ငန်း လုပ်ကိုင်သူများ မြေသြဇာမှတ်ပုံတင် လျှောက်ထားရာတွင် အောက်ဖော်ပြပါ အချက်များကို ကင်းလွတ်၊ ဆောင်ရွက်ခွင့်ပြုမည်။

(က) ရေကြောင်းမှဝင်ရောက်လာသော Urea, Triple Super Phosphate (T–Super), Murate of Potash (MOP), Sulphate of Potash (SOP) ကဲ့သို့သော Straight Fertilizer များအား ကနဦးခဓာတ်ခွဲစစ်ဆေးခြင်းကို ကင်းလွတ်ခွင့်ပြု သည်။

(ခ) စံချိန်စံညွှန်းတူသောမြေသြဇာကို မှတ်ပုံတင်အမှတ်တစ်ခုတည်းဖြင့် အလေးချိန်ခွဲ၍ Net Weight (၅)မျိုး အထိ ဆောင်ရွက်ခွင့်ပြုသည်။

၄။ အပိုဒ် ( ၂ )ပါ အချက်များအား လိုက်နာ ဆောင်ရွက်ခြင်းမရှိသော မြေသြဇာလုပ်ငန်းလုပ်ကိုင်သူများသည် မြေသြဇာဥပဒေပုဒ်မ ၉ ကို ဖောက်ဖျက်သဖြင့် ပုဒ်မ ၂၄ စီမံခန့်ခွဲရေးနည်းလမ်းအရ လည်းကောင်း၊ မြေသြဇာဥပဒေပုဒ်မ ၃၁ ကို ဖောက်ဖျက်သဖြင့် ပုဒ်မ ၃၆ အရ လည်းကောင်း အရေးယူခြင်းခံရမည်။

( လှကျော် )
ဥက္ကဋ္ဌ
မြေသြဇာကော်မတီ

စာအမှတ်၊ မြေသြဇာ/၂၀၁၉–၂၀၂၀ ( ၆၅၁ )
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၉ ရက်

**ဖြန့်ဝေခြင်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး
မြေသြဇာကော်မတီဝင်များအားလုံး
မြေသြဇာဆိုင်ရာနည်းပညာကော်မတီဝင်များအားလုံး
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန်။
ဒုတိယညွှန်ကြားရေးမှူးချုပ်များအားလုံး၊ စိုက်ပျိုးရေးဦးစီးဌာန
ညွှန်ကြားရေးမှူးများအားလုံး၊ စိုက်ပျိုးရေးဦးစီးဌာန
တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများအားလုံး၊ စိုက်ပျိုးရေးဦးစီးဌာန

( ဒေါက်တာရဲတင့်ထွန်း )
အတွင်းရေးမှူး
မြေသြဇာကော်မတီ

# မြေသြဇာကော်မတီမှ ထုတ်ပြန်သော အမိန့်ကြော်ငြာချက်များ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
မြေသြဇာကော်မတီ

အမိန့်ကြော်ငြာစာအမှတ် ( ၂ /၂၀၂၀)
၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၃၀ ရက် )

**မြေသြဇာလိုင်စင် လျှောက်ထားခြင်းနှင့်ပတ်သက်၍ လိုက်နာရမည့်အချက်များ ထုတ်ပြန်ကြေညာခြင်း**

၁။ မြေသြဇာကော်မတီသည် အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီသော မြေသြဇာများအား စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ သုံးစွဲနိုင်ရေးနှင့် မြေသြဇာလုပ်ငန်းလုပ်ကိုင်သူ လုပ်ငန်းရှင်များ မြေသြဇာထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် မြေသြဇာဥပဒေ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်လျက်ရှိရာတွင် မြေသြဇာဥပဒေပုဒ်မ ၄၈(ခ) နှင့် မြေသြဇာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၅၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ မြေသြဇာလုပ်ငန်း လုပ်ကိုင်သူသည် မြေသြဇာလိုင်စင် လျှောက်ထားခြင်းနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အချက်အလက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(က) မြေသြဇာဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ (၅)အရ သိုလှောင်လိုင်စင်ကို စိုက်ပျိုးရေးဦးစီးဌာနသို့လည်းကောင်း၊ မြေသြဇာဥပဒေပုဒ်မ ၁၄(က) အရ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ကို တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံး သို့လည်းကောင်း လျှောက်ထားရမည်။

(ခ) မှတ်ပုံတင်ရရှိပြီး မြေသြဇာများကို တစ်နှစ်အတွင်း Solid Fertilizer များဖြစ်သည့် Urea,TSuper, Potash, Compound စသည်တို့တွင် (၂၅)တန် နှင့် အထက်၊ ရွက်ဖျန်းမြေသြဇာအရည် (Foliar Fertilizer Liquid) များအတွက် (၂၀၀၀) လီတာ နှင့်အထက်၊ ရွက်ဖျန်းမြေသြဇာအမှုန့် (Foliar Fertilizer Powder) များအတွက် (၂၀၀၀) ကီလိုဂရမ်နှင့်အထက် သိုလှောင်ပါက သိုလှောင်လိုင်စင် လျှောက်ထားရမည်။

(ဂ) မြေသြဇာကို တစ်နှစ်အတွင်း Urea, T Super, Potash, Compound စသည့် Solid Fertilizer များအတွက် (၅)တန် နှင့်အထက်၊ ရွက်ဖျန်းမြေသြဇာအရည် (Foliar Fertilizer Liquid) များအတွက် ၂၀၀ လီတာ နှင့်အထက်၊ ရွက်ဖျန်းမြေသြဇာအမှုန့် (Foliar Fertilizer Powder) များအတွက် ၄၀၀ ကီလိုဂရမ် နှင့်အထက် ဖြန့်ဖြူး



ခြင်းနှင့် ရောင်းချခြင်းအတွက် မြေသြဇာဖြန့်ဖြူးရောင်းချခွင့်လိုင်စင် လျှောက်ထားရမည်။

(ဃ) ပိုင်ရှင်တစ်ဦးတည်းက ဆိုင်နာမည်တစ်မျိုးတည်းဖြင့် တည်နေရာခွဲ၍ ရောင်းချပါက တည်နေရာအလိုက် ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် ထပ်မံ ပြုလုပ်ရမည်။

(င) သိုလှောင်လိုင်စင် လျှောက်ထားရာတွင် အောက်ဖော်ပြပါ သတ်မှတ်ချက်များ ပြည့်စုံစွာပါရှိရမည်။

(၁) လျှောက်ထားသူအမည်၊ ကုမ္ပဏီအမည်
(၂) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/နိုင်ငံခြားသားမှတ်ပုံတင်အမှတ်/ဧည့်နိုင်ငံသားမှတ်ပုံတင်အမှတ်
(၃) အမြဲတမ်းနေရပ်လိပ်စာ
(၄) မြေသြဇာသိုလှောင်သည့် အဆောက်အဦးလိပ်စာ
(က)အဆောက်အဦအမျိုးအစား
(ခ) ဧရိယာအကျယ်အဝန်း
(၅) စည်ပင်သာယာရေးကော်မတီမှ လုပ်ငန်းလိုင်စင်
(၆) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက် (EIA) ထောက်ခံချက်

(စ) သိုလှောင်လိုင်စင်ရရှိသူသည် အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

(၁) မှတ်ပုံတင်ခွင့်ပြုပြီး မြေသြဇာများကိုသာ သိုလှောင်ရမည်။
(၂) လိုင်စင်တွင် ခွင့်ပြုသော တည်နေရာ/ လိပ်စာတွင်သာ မြေသြဇာကို သိုလှောင်ရမည်။
(၃) သိုလှောင်ရုံသည် လေဝင်လေထွက်ကောင်းရမည်။
(၄) သိုလှောင်ရုံသည် သင့်တော်သော အကျယ်အဝန်း ရှိရမည်။ လုပ်ငန်းဆောင်ရွက်သည့် အဆောက်အဦ၏ အကျယ်အဝန်းသည် ၁၆၀၀ စတုရန်းပေ နှင့်အထက်ရှိပါက လုပ်ငန်းကြီးအဖြစ်သတ်မှတ်ပြီး၊ ၁၆၀၀ စတုရန်းပေ အောက်ရှိပါက လုပ်ငန်းငယ်အဖြစ် သတ်မှတ်မည်။
(၅) သိုလှောင်ရာတွင် မြေသြဇာ အမျိုးအစားအလိုက် စနစ်တကျ ခွဲခြားထားသိုရမည်။
(၆) အိတ်များကို စနစ်တကျ စီထပ်ထားရမည်။ အမြင့် ၂၀ ပေထက် မကျော်လွန်ရပါ။
(၇) အိတ်များကို နံရံမှ ၂ ပေခွာ၍ ထပ်ထားပြီး တစ်ပုံနှင့်တစ်ပုံကြား ၃ပေ – ၅ ပေ အထိ ရှိရမည်။

# မြေသြဇာကော်မတီမှ ထုတ်ပြန်သော အမိန့်ကြော်ငြာချက်များ



(၈) အညွှန်းစာသားများ၊ အန္တရာယ် သတိပေး စာသားများ ချိတ်ဆွဲထားရမည်။

(၉) မြေသြဇာ အဝင်အထွက်စာရင်း စနစ်တကျထားရှိရမည်။

(၁၀) မြေသြဇာ ချိန်တွယ်စစ်ဆေးရန် ကတ္တားထားရှိရမည်။

(၁၁) စစ်ဆေးရေးအဖွဲ့က လာရောက် စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်။

(၁၂) အရည်အသွေး စစ်ဆေးရန်အတွက် နမူနာတောင်းခံလာပါက စစ်ဆေးရေးအဖွဲ့အား အခမဲ့ရယူခွင့်ပြုရမည်။

(၁၃) မြေသြဇာများကို လူနေအိမ်အတွင်း သိုလှောင်ထားခြင်းမပြုရ၊ စားသောက်ကုန်စည်များ နှင့်ရောၡ သိုလှောင်ခြင်းမပြုရ။

(၁၄) သိုလှောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အလုပ်သမားများ၏ ကျန်းမာရေး၊ လူမှုရေးကိစ္စများနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

(၁၅) မြေသြဇာကော်မတီက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဆ) ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် လျှောက်ထားရာတွင် အောက်ဖော်ပြပါ သတ်မှတ်ချက်များ ပြည့်စုံစွာပါရှိရမည်။

(၁) လျှောက်ထားသူအမည်၊ ကုမ္ပဏီအမည်

(၂) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/နိုင်ငံခြားသားမှတ်ပုံတင်အမှတ်/ ဧည့်နိုင်ငံသားမှတ်ပုံတင်အမှတ်

(၃) အမြဲတမ်းနေရပ်လိပ်စာ

(၄) ဖြန့်ဖြူးရောင်းချမည့်ဆိုင်အမည်နှင့်လိပ်စာ

(က)အဆောက်အဦအမျိုးအစား

(ခ) ဧရိယာအကျယ်အဝန်း

(၅) စည်ပင်သာယာရေးကော်မတီမှ လုပ်ငန်းလိုင်စင်

(ဇ) ဖြန့်ဖြူးရောင်းချခွင့် လိုင်စင်ရရှိသူသည် အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

(၁) မှတ်ပုံတင်ထားသော မြေသြဇာများကိုသာ ဖြန့်ဖြူးရောင်းချရမည်။

(၂) လိုင်စင်ခွင့်ပြုသော တည်နေရာ/ လိပ်စာတွင်သာ မြေသြဇာကို ဖြန့်ဖြူးရောင်းချရမည်။



(၃) မြေသြဇာ အတုကိုဖြစ်စေ၊ မူလစံချိန်စံညွှန်းနှင့် ကိုက်ညီခြင်း မရှိသော မြေသြဇာကိုဖြစ်စေ ဖြန့်ဖြူးရောင်းချခြင်းမပြုရ၊ မြေသြဇာအမည်၊ အမှတ်တံဆိပ်၊ အရည်အသွေးအာမခံချက်၊ ပါဝင်သည့်အာဟာရဓာတ် ရာခိုင်နှုန်း၊ သုံးစွဲနည်းတို့နှင့်စပ်လျဉ်း၍ မမှန်မကန် ကြော်ငြာရောင်းချ ခြင်းမပြုရ။

(၄) လိုင်စင်ကို အများမြင်သာသော နေရာတွင် ချိတ်ဆွဲထားရမည်။

(၅) ဖြန့်ဖြူးရောင်းချသည့် ဆိုင်သည် လေဝင်လေထွက် ကောင်းရမည်။

(၆) မြေသြဇာ အဝင်အထွက်စာရင်းများ စနစ်တကျထားရှိရမည်။

(၇) ချိန်တွယ်စစ်ဆေးရန် ကတ္တားထားရှိရမည်။

(၈) စစ်ဆေးရေးအဖွဲ့က လာရောက် စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်။

(၉) အရည်အသွေး စစ်ဆေးရန်အတွက် နမူနာတောင်းခံလာပါက စစ်ဆေးရေးအဖွဲ့အား အခမဲ့ရယူခွင့် ပြုရမည်။

(၁၀) ပေါက်ပြဲနေသော မြေသြဇာအိတ်များကို ရောင်းချခြင်းမပြုရ။

(၁၁) မြေသြဇာများကို လူနေအိမ်အတွင်း ဖြန့်ဖြူးရောင်းချခြင်းမပြုရ၊ စားသောက်ကုန်စည်များနှင့် တွဲဖက်၍ ရောင်းချခြင်းမပြုရ။

(၁၂) ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အလုပ်သမားများ၏ ကျန်းမာရေး၊ လူမှုရေးကိစ္စများနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

(၁၃) မြေသြဇာကော်မတီက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

၃။ အပိုဒ်(၂)ပါအချက်အား လိုက်နာဆောင်ရွက်ခြင်းမရှိသော မြေသြဇာလုပ်ငန်း လုပ်ကိုင်သူများသည် မြေသြဇာဥပဒေပုဒ်မ ၁၅၊ ပုဒ်မ ၁၆ နှင့် ပုဒ်မ ၁၇ တို့ကို ဖောက်ဖျက်သဖြင့် ပုဒ်မ ၂၄ စီမံခန့်ခွဲရေးနည်းလမ်းအရလည်းကောင်း၊ မြေသြဇာ ဥပဒေပုဒ်မ ၃၂ ကို ဖောက်ဖျက်သဖြင့် ပုဒ်မ ၃၆ အရလည်းကောင်း အရေးယူခြင်းခံရမည်။

( လှကျော် )
ဥက္ကဋ္ဌ
မြေသြဇာကော်မတီ

စာအမှတ်၊ မြေသြဇာ/၂၀၁၉-၂၀၂၀( ၆၅၂ )
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၉ ရက်

# မြေသြဇာကော်မတီမှ ထုတ်ပြန်သော အမိန့်ကြော်ငြာချက်များ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
မြေသြဇာကော်မတီ
အမိန့်ကြော်ငြာစာအမှတ် ( ၃ /၂၀၂၀)
၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၉ ရက် )

**မြေသြဇာစံချိန်စံညွှန်းနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာခြင်း**

၁။ မြေသြဇာကော်မတီသည် အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီသော မြေသြဇာများအား စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ သုံးစွဲနိုင်ရေးနှင့် မြေသြဇာလုပ်ငန်းလုပ်ကိုင်သူ လုပ်ငန်းရှင်များ မြေသြဇာထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် မြေသြဇာဥပဒေ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်လျက်ရှိရာတွင် မြေသြဇာဥပဒေပုဒ်မ ၄၈(ခ) နှင့် မြေသြဇာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၅၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ မြေသြဇာလုပ်ငန်း လုပ်ကိုင်သူသည် မြေသြဇာမှတ်ပုံတင် လျှောက်ထားပါက မြေသြဇာအမျိုးအစားအလိုက် အောက်ဖော်ပြပါ စံချိန်စံညွှန်းများအတိုင်း လိုက်နာဆောင် ရွက်ရမည်။

(က) ကွန်ပေါင်းမြေသြဇာများတွင် N, $P_2O_5$, $K_2O$ အာဟာရဓာတ် (၃) မျိုး အနက် အနည်းဆုံး (၂)မျိုး ပါဝင်ရမည်ဖြစ်ပြီး စုစုပေါင်းပါဝင်မှု ၁၅% နှင့်အထက် ရှိရမည်။

(ခ) သဘာဝမြေသြဇာများတွင် အော်ဂဲနစ်ပါဝင်မှု (Organic Matter) ၂၀ % နှင့် အထက် ရှိရမည်ဖြစ်ပြီး Carbon နှင့် Nitrogen တို့ ပါရှိသည့် အချိုး Carbon-Nitrogen ratio (C:N) သည် ၂၀ ထက် မကျော်ရပါ။

(ဂ) ရွက်ဖျန်းမြေသြဇာများတွင် N, $P_2O_5$ နှင့် $K_2O$ တို့၏ စုစုပေါင်းပါဝင်မှု အနည်းဆုံး (၉%) ရှိရမည်။ Secondary Element နှင့် Trace Element များသာ ပါဝင်သော ရွက်ဖျန်းမြေသြဇာဖြစ်ပါက ပါဝင်သည့် အပင်အာဟာရဓါတ် ရာခိုင်နှုန်းအတိုင်း ခွင့်ပြုမည်။

(ဃ) ဇီဝမြေသြဇာများတွင် ချဉ်ငံကိန်းတန်ဖိုး (pH) ၅ - ၇.၅ ရှိရမည်။ Micro-organism ပါဝင်မှုကို Colony Forming Unit (CFU) ဖြင့် ဖော်ပြရာ၌ အနည်းဆုံး ပါဝင်မှုမှာ အမှုန့်ဖြစ်ပါက $5x10^7$ cells/g ၊ အရည်ဖြစ်ပါက $1x10^8$ cells/ml ရှိရမည်။

(လက်မှတ်)
ဥက္ကဋ္ဌ
မြေသြဇာကော်မတီ



စာအမှတ်၊ မြေသြဇာ/၂၀၁၉-၂၀၂၀( ၆၇၃ )
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၉ ရက်

**ဖြန့်ဝေခြင်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး
မြေသြဇာကော်မတီဝင်များအားလုံး
မြေသြဇာဆိုင်ရာနည်းပညာကော်မတီဝင်များအားလုံး
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန်။
ဒုတိယညွှန်ကြားရေးမှူးချုပ်များအားလုံး၊ စိုက်ပျိုးရေးဦးစီးဌာန
ညွှန်ကြားရေးမှူးများအားလုံး၊ စိုက်ပျိုးရေးဦးစီးဌာန
တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများအားလုံး၊ စိုက်ပျိုးရေးဦးစီးဌာန

( ဒေါက်တာရဲတင့်ထွန်း )
အတွင်းရေးမှူး
မြေသြဇာကော်မတီ

# မြေဩဇာကော်မတီမှ ထုတ်ပြန်သော အမိန့်ကြော်ငြာချက်များ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
မြေဩဇာကော်မတီ

အမိန့်ကြော်ငြာစာအမှတ် ( ၄ /၂၀၂၀)
၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၉ ရက် )

**မြေဩဇာမှတ်ပုံတင်လျှောက်ထားရာတွင် ထုပ်ပိုးပစ္စည်းနှင့်ပတ်သက်၍ လိုက်နာရမည့်အချက်များ ထုတ်ပြန်ကြေညာခြင်း**

၁။ မြေဩဇာကော်မတီသည် အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီသော မြေဩဇာများအား စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ သုံးစွဲနိုင်ရေးနှင့် မြေဩဇာလုပ်ငန်းလုပ်ကိုင်သူ လုပ်ငန်းရှင်များ မြေဩဇာထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် မြေဩဇာဥပဒေ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်လျက်ရှိရာတွင် မြေဩဇာဥပဒေပုဒ်မ ၄၈(ခ) နှင့် မြေဩဇာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၅၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ မြေဩဇာလုပ်ငန်း လုပ်ကိုင်သူသည် မြေဩဇာမှတ်ပုံတင် လျှောက်ထားရာ၌ ထုပ်ပိုးပစ္စည်းများပေါ်တွင် အောက်ဖော်ပြပါ အချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(က) မြေဩဇာလုပ်ကိုင်သူများသည် ကုန်စည်အမှတ်တံဆိပ်နှင့် အမျိုးအမည်၊ အသားတင်အလေးချိန်၊ ထားသိုသိမ်းဆည်းမှုအညွှန်း၊ ရွက်ဖျန်းမြေဩဇာနှင့် ဇီဝမြေဩဇာများတွင် သုံးစွဲရန်အညွှန်းနှင့် သတိပြုရန်အချက်များကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁) ရက်မှစ၍ မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာ တွဲလျက်ဖြစ်စေ ဖော်ပြ ရမည်။

(ခ) မြေဩဇာများကို ပြည်ပမှ တင်သွင်းရာ၌ တင်သွင်း မှတ်ပုံတင်အမှတ်(တသ)နှင့် တင်သွင်းသူ/ ဖြန့်ဖြူးရောင်းချသူအမည် (Importer/ Distributor Name)၊ ပြည်ပမှ ကုန်ကြမ်းတင်သွင်းရာ၌ တင်သွင်း မှတ်ပုံတင်အမှတ် (တသက) ဖော်ပြရန်နှင့် ပြည်တွင်းထုတ်လုပ် မြေဩဇာဖြစ်ပါက ထုတ်လုပ် မှတ်ပုံတင်အမှတ် (ထလ)နှင့် ထုတ်လုပ်သူ/ဖြန့်ချီသူအမည် (Manufacturer/ Distributor Name) များ ဖော်ပြရမည်။

(ဂ) ပါဝင်သည့် အပင်အာဟာရဓာတ်ရာခိုင်နှုန်း (Percentage of Plant Nutrient)/ အရည်အသွေးအာမခံချက် (Quality Assurance) ဖော်ပြရမည်။

(ဃ) Compound Fertilizer များတွင် သုံးစွဲရန်အညွှန်းကို ထုပ်ပိုးပစ္စည်းအိတ်အတွင်း၌ သီးခြားထည့်သွင်း ဖော်ပြရမည်။

၂

(င) ဇီဝမြေဩဇာများတွင် ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့်ရက်စွဲ တို့ကိုဖော်ပြရမည်။

( လှကျော် )
ဥက္ကဋ္ဌ
မြေဩဇာကော်မတီ

စာအမှတ်၊ မြေဩဇာ/၂၀၁၉-၂၀၂၀( ၆၇၄ )
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၉ ရက်


**ဖြန့်ဝေခြင်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး
မြေဩဇာကော်မတီဝင်များအားလုံး
မြေဩဇာဆိုင်ရာနည်းပညာကော်မတီဝင်များအားလုံး
ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } ထည့်သွင်းကြေညာပေးပါရန်။
ဒုတိယညွှန်ကြားရေးမှူးချုပ်များအားလုံး၊ စိုက်ပျိုးရေးဦးစီးဌာန
ညွှန်ကြားရေးမှူးများအားလုံး၊ စိုက်ပျိုးရေးဦးစီးဌာန
တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများအားလုံး၊ စိုက်ပျိုးရေးဦးစီးဌာန


( ဒေါက်တာရဲတင့်ထွန်း )
အတွင်းရေးမှူး
မြေဩဇာကော်မတီ

# ထုပ်ပိုးပုံစံနမူနာ (ယူရီးယားဓာတ်မြေသြဇာ)

| အရှေ့ဘက် | အနောက်ဘက် |
| --- | --- |



# ထုပ်ပိုးပုံစံနမူနာ (တီစူပါဓာတ်မြေဩဇာ)



# ထုပ်ပိုးပုံစံနမူနာ (ပိုတက်ဆီယမ်ဓာတ်မြေသြဇာ)

အရှေ့ဘက်




အနောက်ဘက်




အမှတ်တံဆိပ်

မြေသြဇာအမည်

စံချိန်စံညွှန်း

အသားတင်
အလေးချိန်

ထားသိုသိမ်း
ဆည်းပုံအညွှန်း

ထုတ်လုပ်
ဖြန့်ချီသူအမည်

မှတ်ပုံတင်
အမှတ်

# ထုပ်ပိုးပုံစံနမူနာ (ကွန်ပေါင်းဓာတ်မြေဩဇာ)

အရှေ့ဘက်




အနောက်ဘက်




အမှတ်တံဆိပ်

မြေဩဇာအမည်

စံချိန်စံညွှန်း

အသားတင်
အလေးချိန်

ထုတ်လုပ်
ဖြန့်ချိသူအမည်

မှတ်ပုံတင်
အမှတ်

ထားသိုသိမ်း
ဆည်းပုံအညွှန်း


မှတ်ချက်။ သုံးစွဲရန်အညွှန်းကို ထုတ်ပိုးပစ္စည်းအိတ်အတွင်း၌ သီးခြားထည့်သွင်းဖော်ပြပေးရန်

# ထုပ်ပိုးပုံစံနမူနာ (ရွက်ဖျန်းမြေဩဇာ)

အရှေ့ဘက်

အနောက်ဘက်




အမှတ်တံဆိပ်

မြေဩဇာအမည်

စံချိန်စံညွှန်း

သုံးစွဲရန်အညွှန်း

အသားတင်
အလေးချိန်


မှတ်ပုံတင်
အမှတ်

ထုတ်လုပ်
ဖြန့်ချီသူအမည်

ထားသိုသိမ်း
ဆည်းပုံအညွှန်း

# ထုပ်ပိုးပုံစံနမူနာ (ဇီဝမြေဩဇာ)

အရှေ့ဘက်




အမှတ်တံဆိပ်

မြေဩဇာအမည်

စံချိန်စံညွှန်း

သုံးစွဲရန်အညွှန်း

အသားတင်
အလေးချိန်

မှတ်ပုံတင်
အမှတ်

ထုတ်လုပ်သည့်နေ့
သက်တမ်းကုန်သည့်နေ့

ထုတ်လုပ်
ဖြန့်ချိသူအမည်

အနောက်ဘက်



# မြေသြဇာကော်မတီမှ ထုတ်ပြန်သော အမိန့်ကြော်ငြာချက်များ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
မြေသြဇာကော်မတီ

အမိန့်ကြော်ငြာစာအမှတ် ( ၄ /၂၀၂၀)
၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၉ ရက် )

**တားမြစ်ပိတ်ပင်ထားသော မြေသြဇာများအား ထုတ်ပြန်ကြေညာခြင်း**

၁။ မြေသြဇာကော်မတီသည် အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီသော မြေသြဇာများအား စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ သုံးစွဲနိုင်ရေးနှင့် မြေသြဇာလုပ်ငန်း လုပ်ကိုင်သူ လုပ်ငန်းရှင်များ မြေသြဇာထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် မြေသြဇာဥပဒေ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်လျက်ရှိရာတွင် မြေသြဇာဥပဒေပုဒ်မ ၄၈(ခ) နှင့် မြေသြဇာဥပဒေဆိုင်ရာ လုပ်ထုံး လုပ်နည်းများ အပိုဒ် ၅၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါ မြေသြဇာများ အား တားမြစ်ပိတ်ပင်လိုက်သည်။

(က) Ammonium Nitrate မြေသြဇာ

(ခ) Ammonium Nitrate ကို အခြေပြုသော ကွန်ပေါင်းမြေသြဇာများတွင် Nitrogen ပါဝင်မှု ၂၈% နှင့် အထက်ရှိမြေသြဇာများ

၂။ အပိုဒ်(၁)ပါအချက်အား လိုက်နာဆောင်ရွက်ခြင်းမရှိသော မြေသြဇာလုပ်ငန်း လုပ်ကိုင်သူ များသည် မြေသြဇာဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်။

( လှကျော် )
ဥက္ကဋ္ဌ
မြေသြဇာကော်မတီ

စာအမှတ်၊ မြေသြဇာ/၂၀၁၉-၂၀၂၀( ၆၅၅ )
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၉ ရက်



ဖြန့်ဝေခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး
မြေသြဇာကော်မတီဝင်များအားလုံး
မြေသြဇာဆိုင်ရာနည်းပညာကော်မတီဝင်များအားလုံး
ညွှန်ကြားရေးမှူးချုပ် / ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန်။
ဒုတိယညွှန်ကြားရေးမှူးချုပ်များအားလုံး၊ စိုက်ပျိုးရေးဦးစီးဌာန
ညွှန်ကြားရေးမှူးများအားလုံး၊ စိုက်ပျိုးရေးဦးစီးဌာန
တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများအားလုံး၊ စိုက်ပျိုးရေးဦးစီးဌာန

( ဒေါက်တာရဲတင့်ထွန်း )
အတွင်းရေးမှူး
မြေသြဇာကော်မတီ

# မြေဩဇာမှတ်ပုံတင်၊ လိုင်စင်နှင့် တင်သွင်းခွင့်ထောက်ခံချက်များ လျှောက်ထားခြင်း

- Myanmar Agriculture Input Registration System (MAIRS) သို့ Online system ဖြင့်လျှောက်ထားနိုင်ပါသည်။
- ဆက်သွယ်လျှောက်ထားနိုင်သည့် link – www.mairs.doa.gov.mm
- **Land Use Division Web Portal** သို့ ဝင်ရောက်ကြည့်ရှုနိုင်သော link – www.landusedivision.gov.mm.com

# မြေဩဇာမှတ်ပုံတင်၊ လိုင်စင်နှင့် တင်သွင်းခွင့်ထောက်ခံချက်များ လျှောက်ထားခြင်း





CS Scanned with CamScanner

# မြေဩဇာမှတ်ပုံတင်၊ လိုင်စင်နှင့် တင်သွင်းခွင့်ထောက်ခံချက်များ လျှောက်ထားခြင်း



# မြေဩဇာမှတ်ပုံတင်၊ လိုင်စင်နှင့် တင်သွင်းခွင့်ထောက်ခံချက်များ လျှောက်ထားခြင်း




**mairs.doa.gov.mm**

# မြေသြဇာတင်သွင်းခွင့်မှတ်ပုံတင်လက်မှတ်ရရှိရန် ဆောင်ရွက်ရမည့်လုပ်ငန်းအဆင့်ဆင့်

မြေသြဇာမှတ်ပုံတင် လျှောက်ထားခြင်း

Accept

မြေသြဇာနမူနာအား ဓါတ်ခွဲစစ်ဆေးခြင်း

နည်းပညာအဖွဲ့

Accept

မြေသြဇာကော်မတီ

မှတ်ပုံတင်လက်မှတ် ရရှိခြင်း


ဖြန့်ဖြူးရောင်းချခြင်း

# မြေဩဇာ တင်သွင်းခွင့် မှတ်ပုံတင်လက်မှတ် လျှောက်ထားရာတွင် လိုအပ်သည့်အချက်များ

1. ပြည်တွင်းသို့မြေဩဇာတင်သွင်းသူမှတ်ပုံတင်လက်မှတ်လျှောက်လွှာ ပုံစံ(၃)
2. လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဓာတ်ပုံ(၃)ပုံ
3. ကုမ္ပဏီ Letter Head နှင့် ကိုယ်စားလှယ်လွှဲစာ၊ နိုင်ငံသားစိစစ်ရေးကပ်ပြား
4. စိုက်ပျိုးရေးဦးစီးဌာန၏ ခွတ်ခွဲအဖြေ
5. ပြည်ပနိုင်ငံမှ ထုတ်လုပ်သည့် ကုမ္ပဏီ၏ အရည်အသွေး အာမခံချက်
6. ပြည်တွင်းကုမ္ပဏီ၏ အရည်အသွေး ခံဝန်ချက်
7. ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မိတ္တူ
8. Invoice, Sale Contrast ၊ ထုပ်ပိုးပစ္စည်း၊ မြေဩဇာနမူနာ

မှတ်ချက်　　ရွက်ဖျန်းမြေဩဇာများအတွက် စမ်းသပ်ကွက်အောင်မြင်ကြောင်း ထောက်ခံချက်ပါ ပူးတွဲတင်ပြရမည်။

# ပြည်တွင်းတွင် မြေသြဇာထုတ်လုပ်မှတ်ပုံတင်ရရှိရန် ဆောင်ရွက်ရမည့်လုပ်ငန်းအဆင့်ဆင့်



# မြေသြဇာ ထုတ်လုပ်ခွင့်မှတ်ပုံတင်လက်မှတ် လျှောက်ထားရာတွင် လိုအပ်သည့်အချက်များ

1. မြေသြဇာထုတ်လုပ်ခွင့် မှတ်ပုံတင်လက်မှတ်လျှောက်လွှာ ပုံစံ (၁)
2. လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဓာတ်ပုံ(၃)ပုံ
3. ကုမ္ပဏီ Letter Head နှင့် ကိုယ်စားလှယ်လွှဲစာ၊ နိုင်ငံသားစိစစ်ရေးကပ်ပြား
4. စိုက်ပျိုးရေးဦးစီးဌာန၏ ဓာတ်ခွဲအဖြေ
5. ထုတ်လုပ်ပုံနည်းစနစ်အပြည့်အစုံ/ မှတ်တမ်းဓာတ်ပုံများ
6. ပြည်တွင်းကုမ္ပဏီ၏ အရည်အသွေး ခံဝန်ချက်။
7. ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ် (သို့) စက်မှုမှတ်ပုံတင်လက်မှတ်၊ တံဆိပ်မှတ်ပုံတင်စာချုပ်မိတ္တူ
8. ထုပ်ပိုးပစ္စည်း၊ မြေသြဇာနမူနာ

မှတ်ချက် ။ ရွက်ဖျန်းမြေသြဇာများအတွက် စမ်းသပ်ကွက်အောင်မြင်ကြောင်း ထောက်ခံချက်ပါ ထောက်ခံချက်ပါ ပူးတွဲတင်ပြရမည်။

သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအဖွဲ့၏ ထုတ်လုပ်ပုံ မှန်ကန်မှုရှိ/ မရှိ ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းခံယူရမည်။

# မှတ်ပုံတင်လျှောက်ထားခြင်း

မြေဩဇာတစ်မျိုးကို ကွန်တိန်နာဖြင့် တင်သွင်းခြင်း

(ဥပမာ– 15:15:15– Bulk)

**တင်သွင်းမှတ်ပုံတင်လျှောက်ရန်**

↓

ပြန်လည်ထုပ်ပိုးခြင်း (အာဟာရပါဝင်မှုတူ၊ အလေးချိန်ကွဲ)

(ဥပမာ– 15:15:15– 50Kg)

**ထုတ်လုပ်မှတ်ပုံတင်လျှောက်ရန်**

ကုန်ကြမ်းတင်သွင်းခြင်း

(ဥပမာ : Urea, Tsuper, Potash & DAP)

**တင်သွင်းမှတ်ပုံတင်လျှောက်ရန်**

↓

ထုတ်ကုန်အသစ်ထုတ်လုပ်ခြင်း

(ဥပမာ Compound fertlilzer အချိုးအမျိုးမျိုး)

**ထုတ်လုပ်မှတ်ပုံတင်လျှောက်ရန်**

# Media အသုံးပြု၍ နည်းပညာဖြန့်ဝေခြင်း

**Landuse Web Portal** **www.landusedivision.gov.mm**




Thank You for Your Attention